smart
credit *business*
Powered by YOMA BANK

# FAQs

## ၁။ smart Credit Business ချေးငွေကို မည်သူတွေ လျှောက်ထားရယူနိုင်မလဲ။

ရိုးမဘဏ်၏ မိတ်ဖက်အဖွဲ့အစည်းများမှ ချေးငွေအတွက် သတ်မှတ်ချက် နှင့် ကိုက်ညီသော သူများသာ လျှောက်ထားခွင့် ရှိမည်ဖြစ်ပါသည်။

## ၂။ smart Credit Business ချေးငွေယူဖို့ ဘဏ်ခွဲကိုသွားရမှာလား။

smart **credit** *business* လျှောက်ထားရန် ဘဏ်ခွဲသို့ သွားရန်မလိုပါ။ smartcredit.yomabank.com မှ တစ်ဆင့် online ကနေ လွယ်ကူလျှင်မြန်စွာ လျှောက်ထားနိုင်မှာဖြစ်ပြီး လျှောက်ထားရာမှာ အခက်အခဲတစ်စုံတစ်ရာ ရှိပါကလည်း နီးစပ်ရာ ဘဏ်ခွဲများမှာ သွားရောက် လျှောက်ထားနိုင်ပါတယ်။

## ၃။ ချေးငွေပမာဏ မည်မျှရယူနိုင်ပါသလဲ။

ချေးငွေပမာဏ အနည်းဆုံး ၁ သိန်း မှ စတင်၍ ရယူနိုင်ပါတယ်။
(*မိတ်ဖက်အဖွဲ့အစည်း နှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ အချက်အလက်များပေါ်မူတည်၍ ကမ်းလှမ်းခံရသည့် ချေးငွေပမာဏကွဲပြားနိုင်ပါသည်။)

## ၄။ ချေးငွေကာလ မည်မျှထိ ရယူနိုင်ပါသလဲ?

ချေးငွေကာလ အနည်းဆုံး ၁ လ မှ အများဆုံး ၁၂ လ ထိရွေးချယ်ရယူနိုင်ပါတယ်။
(* မိတ်ဖက်အဖွဲ့အစည်း နှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ အချက်အလက်များပေါ်မူတည်၍ ကမ်းလှမ်းခံရသည့် ချေးငွေကာလ ကွဲပြားနိုင်ပါသည်။)

## ၅။ အတိုးနှုန်းဘယ်လောက်လဲ? ဝန်ဆောင်ခပေးဆောင်ရန် လိုပါသလား။

အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၄.၅% ဖြစ်ပြီး ဝန်ဆောင်ခပေးဆောင်ရန်မလိုအပ်ပါ။

## ၆။ ချေးငွေဘယ်လို ပြန်လည်ပေးသွင်းရမှာလဲ။

ချေးငွေပြန်လည်ပေးသွင်းရမည့်နေ့တွင် ပြန်လည်ပေးသွင်းရမည့် ငွေပမာဏအပြည့်ကို လူကြီးမင်း၏ *Flexi* Everyday Account မှ အလိုအလျောက် နှုတ်ယူသွားမှာဖြစ်ပါတယ်။

## ၇။ ချေးငွေပြန်လည်ပေးသွင်းရမည့်နေ့ကို ဘယ်လိုသိနိုင်မလဲ?

ပြန်လည်ပေးသွင်းရမည့်နေ့ မတိုင်မီ (၃)ရက်အလိုတွင် အသိပေးစာတိုကို ပေးပို့သွားမည်ဖြစ်ပါသည်။ ပြန်လည်ပေးသွင်းရမည့်နေ့တွင်လည်း အသိပေးစာတိုကို ထပ်မံ ပေးပို့မှာဖြစ်ပြီး ပြန်လည်ပေးသွင်းရမည့် ငွေပမာဏအပြည့်ကို လူကြီးမင်း၏ *Flexi* Everyday Account တွင် အလုံအလောက် ထားရှိရမှာဖြစ်ပါတယ်။

## ၈။ ချေးငွေပြန်လည်ပေးသွင်းရမည့်နေ့တွင် *Flexi* Everyday Account ထဲက ဘယ်အချိန်မှာ ဖြတ်မှာလဲ?

ပြန်လည်ပေးသွင်းရမည့်နေ့တွင် အချိန်မရွေး *Flexi* Everyday Account မှ ဖြတ်တောက်နိုင်သည့်အတွက် ပြန်လည်ပေးသွင်းရမည့်ပမာဏကို အလုံအလောက်ထည့်သွင်းပေးထားရန်သာလိုပါတယ်။

## ၉။ *Flexi* Everyday Account ထဲကို ငွေဘယ်လိုထည့်ရလဲ။

*Flexi* Everyday Account အချင်းချင်းဖြစ်စေ၊ နီးစပ်ရာ ရိုးမဘဏ်ခွဲသို့သွားရောက်၍ ဖြစ်စေ၊ Wave Account နှင့်ချိတ်ဆက်ပြီး Wave Account မှ *Flexi* Everyday Account သို့ လွှဲပြောင်း၍ဖြစ်စေ ငွေထည့်သွင်းနိုင်ပါတယ်။

## ၁၀။ ချေးငွေပြန်လည်ပေးသွင်းပြီးပြီးချင်း နောက်တစ်ကြိမ်ပြန်လျှောက်လို့ရလား။

ချေးငွေပြန်လည်ပေးချေပြီး ၂၄နာရီအတွင်း အသစ်ပြန်လည်လျှောက်ထားနိုင်ပါတယ်။

## ၁၁။ *Flexi* Everyday **Account** တစ်ခုတည်းက ချေးငွေဘယ်နှစ်ကြိမ်ချေးလို့ရလဲ။

*Flexi* Everyday Account တစ်ခုလျှင် ချေးငွေတစ်ကြိမ်သာ ရယူနိုင်ပြီး ချေးငွေကိုပြန်လည်ပေးချေပြီးမှသာ နောက်တစ်ကြိမ် ပြန်လည်လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။

## ၁၂။ ချေးငွေက ဘဏ်ဖွင့်ချိန်ပဲ လျှောက်လို့ရတာလား။

smart **credit** *business* ချေးငွေသည် online ချေးငွေ ဖြစ်တဲ့အတွက် ၂၄ နာရီပတ်လုံး အချိန်မရွေး online မှ လွယ်ကူလျင်မြန်စွာ လျှောက်ထား နိုင်ပါတယ်။

## ၁၃။ ချေးငွေရဖို့ဘယ်လောက်ကြာမလဲ။

လျှောက်ထားပြီးနောက်နေ့ ရုံးဖွင့်ရက်တစ်ရက် ကြာမြင့်ပြီးလျှင် ချေးငွေရရှိမှာဖြစ်ပါတယ်။

## ၁၄။ ချေးငွေလျှောက်ထားပြီး ပယ်ဖျက်လို့ရလား။

မရပါ။

## ၁၅။ ချေးငွေကို သက်တမ်းမကုန်ခင် ကြိုဆပ်လို့ရလား။

ရပါတယ်။ ဒါပေမဲ့ ယခုရောက်ရှိနေသောလရဲ့ ပေးဆပ်ရမည့်အရစ်အတွက် အတိုးကိုတော့ ကောက်ခံမှာဖြစ်ပါတယ်။

## ၁၆။ ချေးငွေသက်တမ်းမကုန်ခင် ကြိုဆပ်ချင်ပါက ဘယ်လောက်ကြိုလျှောက်ရမလဲ။

ချေးငွေသက်တမ်းကုန်မည့်ရက် မတိုင်ခင် ရုံးဖွင့်ရက် ၅ ရက်မတိုင်ခင် ကြိုတင်ပြီး လျှောက်ထားရမှာဖြစ်ပါတယ်။

## ၁၇။ ချေးငွေလျှောက်ထားရာတွင် အောင်မြင်မှုရှိ/မရှိ ဘယ်လိုသိနိုင်လဲ။

Website စာမျက်နှာပေါ်တွင် "ချေးငွေလျှောက်ထားမှု အောင်မြင်ပါသည်" ဟု အမှန်ခြစ်ဖြင့်ပေါ်လာမည်ဖြစ်ပြီး၊ လူကြီးမင်း၏ Account ထဲသို့ ချေးငွေဝင်တဲ့အခါတွင်လည်း အတည်ပြုစာတိုပေးပို့မှာဖြစ်ပါတယ်။

## ၁၈။ ချေးငွေပြန်လည်ပေးသွင်းရန် နောက်ကျခဲ့ပါက နောက်ကျကြေးရှိပါသလား။

နောက်ကျကြေး ရှိပါတယ်။ နောက်ကျကြေး အနေဖြင့် - တစ်လလျှင် ၃.၅% ဖြင့် လစဉ်ပြန်လည်ပေးသွင်းရမည့် အရင်းပမာဏ (Overdue Principal) ပေါ်တွင် နေ့စဉ် တွက်ချက်ကောက်ခံမှာ ဖြစ်ပါတယ်။

## ၁၉။ smart **credit** *business* နှင့်ပတ်သက်ပြီး အဆင်မပြေတာမျိုး / တစ်ခုခုသိချင်တာမျိုးရှိရင် ဘယ်ကို ဆက်သွယ်ရမလဲ။

smart **credit** *business* နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာအခက်အခဲရှိသည်ဖြစ်စေ၊ ထပ်မံသိရှိလို၍ဖြစ်စေ ရိုးမဘဏ် Customer Care Center ၉၆၆၂ (သို့) ၀၉၇-၉၆၆၂-၉၆၆၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

## ၂၀။ ချေးငွေကို ပြန်လည်ပေးဆပ်ရာတွင် *Flexi* Everyday **Account** ထဲကို မထည့်သွင်းမိဘဲ မှားယွင်းပြီး smart Account ထဲကို ထည့်လိုက်/ရွှေ့လိုက်မိရင် ဘယ်လိုလုပ်မလဲ? smart **Account** ထဲမှ ငွေဖြတ်ပေးမလား။

ချေးငွေကို *Flexi* Everyday Account ထဲကိုသာ သွင်းပေးရမည်ဖြစ်ပါသည်။ smart Account ကို ပြောင်းလဲ၍ ငွေဖြတ်မည်မဟုတ်ပါ။